dsinfo.org

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၆ / ၂၀၂၁)

## ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ရာဇဝတ်ကျင့်ထုံးဥပဒေ ဇယား(၂)တွင် –

(က) ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဂ အတွက် စာတိုင်(၂)တွင် “sabotage or hinder the performance of the Defence Services of the Union or Law Enforcement agencies”၊ စာတိုင်(၃)တွင် “Shall not arrest without warrant”၊ စာတိုင်(၄) တွင် “warrant”၊ စာတိုင်(၅)တွင် “Not bailable”၊ စာတိုင်(၆)တွင် “Not compoundable”၊ စာတိုင် (၇)တွင်“imprisonment for a term of twenty years, to wich fine may be added, or with imprisonment which may extend to ten years, to which fine may be added, or with fine.”ဖြင့် အသီးသီးဖြည့်စွက်ရမည်။

(ခ) ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ အတွက် စာတိုင်(၂)တွင် “disrupts or hinders Defence Services personnel and Government employees”၊စာတိုင်(၃)တွင် “Shall not arrest without warrant”၊ စာတိုင်(၄) တွင် “warrant”၊ စာတိုင်(၅)တွင် “Not bailable”၊ စာတိုင်(၆)တွင် “Not compoundable”၊ စာတိုင်(၇)တွင် “imprisonment which may extend to seven years, to which fine may be added, or with fine.”ဖြင့်အသီးသီး ဖြည့်စွက်ရမည်။

(ဂ) ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အတွက် စာတိုင်(၂)တွင် “cause fear, spread false news, agitate directly or indirectly criminal offence againsts a Government employee”၊စာတိုင်(၃)တွင် “May arrest without warrant”၊ စာတိုင်(၇)တွင်

dsinfo.org



"imprisonment which may extend to three years, to which fine may be added, or with fine."ဖြင့်အသီးသီး ဖြည့်စွက်ရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်-

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

dsinfo.org

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၅ / ၂၀၂၁)**

**ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေ**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ရာဇသတ်ကြီးပုဒ်မ ၁၂၁ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"121. Whoever wages war against the Union of Myanmar or any constituent unit thereof, or assists any State or person or incites or conspires with any person within or without the Union to wage war against the Union or any constituent unit thereof, or attempts or prepares to alter unconstitutional means or any other means or otherwise prepares by force of arms or other violent means to overthrow the organs of the Union or of its constituent units established by the Constitution, or takes part or is concerned in or incites or conspires with any person within or without the Union to make or to take part or be concerned in any such attempt shall be guilty of the offence of High Treason."

၄။ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က ကို အောက်ပါအတိုင်းအစားထိုးရမည်-

"124 A. Whoever by words, either spoken or written, or by signs, or by visible representation, or otherwise, bring or attempts to bring into hatred or contempt, or excites or attempts to excite disaffection towards the Government established by law for the Union or for the constituent units or the Defence Services or Defence Services Personnel shall be punished with imprisonment which may extend to twenty years with

dsinfo.org

fine or with imprisonment which may extend to seven years with fine or fine."

၅။ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ခ ၏နောက်တွင် ပုဒ်မ ၁၂၄-ဂ နှင့် ပုဒ်မ ၁၂၄-ဃ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"sabotage or hinder the performance of the Defence Services of the Union or law enforcement organizations**

124 C. Whoever intends or causes to sabotage or to hinder the success of performance of the Defence Services and law enforcement organizations who are engaged in preserving the stability of the State, shall be punished with imprisonment for a term of twenty years, to which fine may be added, or with imprisonment which may extend to twenty years with fine or with imprisonment which may extend to ten years with fine or fine."

**disrupts or hinders Defence Services and Government employees**

124 D. Whoever causes or hinders the Defence Services personnel and Government employees towards the Government, disrupts or hinders by any means, those who are carrying out their duties, such a person shall be punished with imprisonment which may extend to seven years or with fine or with both."

၆။ ရာဇသတ်ကြီး ပုဒ်မ ၅၀၅ တွင် -

(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(a) whoever with intent to cause, or which is likely to cause, a member of the Defence Services or government employees to deprive affect, hinder, disturb, damage the motivation, discpline, health, conduct upon Government or the Defence Services and the duty of government employees or members of defence services to bring into the hatred, disobedience , disloyatily;

dsinfo.org



( ခ )  ပုဒ်မခွဲ(က)၊ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ)တို့အား ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ) နှင့် ပုဒ်မခွဲ(ဃ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၇။ ရာဇသတ်ကြီးပုဒ်မ ၅၀၅ ၏နောက်တွင် ပုဒ်မ ၅၀၅-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"cause fear, spread false news, agitate directly or indirectly criminal offence againsts a Government employee**

505 A. Whoever-

(a) causes or intends to cause fear to a group of citizens or to the public ,

(b) causes or intends to spread false news, knowing or believing that it is untrue,

(c) causes or intends to commit or to agitate directly or indirectly criminal offence againsts a Government employee, any kind of Government employees or Government employees ;

Such a person shall be punished with imprisonment which may extend to three years or with fine or with both."

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်-

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

dsinfo.org

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၄ / ၂၀၂၁ )

## နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကိုကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ ပုဒ်မ ၅၊ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါပြဋ္ဌာန်းချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၀ နှင့်အညီ ရပ်ဆိုင်းထားရမည်။

၄။ ဤဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို တာဝန်ပေးအပ်ထားသည့် ကာလအတွင်းသာ ဖြစ်သည်ဟု မှတ်ယူရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်–

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

dsinfo.org

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၃ / ၂၀၂၁ )

### ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေ

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေတွင် ပယ်ဖျက်ထားသော ပုဒ်မ ၁၃ ပုဒ်မခွဲ(ဆ)ကို အောက်ပါ အတိုင်း ဖြည့်စွက်ရမည်-

> "(ဆ) အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ ညဥ့်အိပ်ညဥ့်နေလာရောက်တည်းခိုသော ဧည့်သည်များအတွက် ဧည့်စာရင်း တိုင်ကြားခြင်းကို လက်ခံခြင်း၊ ခွင့်ပြုခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ ဧည့်စာရင်းတိုင်ကြားရန် ပျက်ကွက်လျှင် အရေးယူခြင်း၊"

၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၆ ပုဒ်မခွဲ (ဂ)၏ နောက်တွင် ပုဒ်မခွဲ (ဃ)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

> "(ဃ) ပုဒ်မခွဲ(က)၊ (ခ)နှင့် (ဂ)တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ခြင်း မရှိသည့်အခါ မြို့နယ်အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ သို့မဟုတ် နေပြည်တော်ကောင်စီ၏ သဘောတူညီချက်ရယူ၍ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် ယာယီတာဝန်ပေးအပ်နိုင်သည်။"

၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၇ ကိုအောက်ပါအတိုင်း အစားထိုးရမည်-

> "၁၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အောက်ပါကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက မှတ်တမ်းထားရှိနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ တိုင်ကြားရမည်-

dsinfo.org



(က) အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုခုတွင် နေထိုင်ပြီး မိမိ အိမ်ထောင်စုစာရင်းဝင်မဟုတ်သူက ညဥ့်အိပ်ညဥ့်နေ ဧည့်သည်အဖြစ် လာရောက်တည်းခိုခြင်း၊

( ခ ) မိမိထံလာရောက်တည်းခိုသော ဧည့်သည် ပြန်လည်ထွက်ခွာသွားခြင်း။"

၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၇ ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"၂၇။ မည်သူမဆို ပုဒ်မ ၁၇၊ ပုဒ်မ ၁၈နှင့် ပုဒ်မ ၁၉ တို့ပါတာဝန် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်လျှင် ထိုသူကို ကျပ်တစ်သောင်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက ထောင်ဒဏ်ခုနစ် ရက်ထက်မပိုသော ထောင်ဒဏ်ကျခံစေရန် သက်ဆိုင်ရာတရားရုံးက ချမှတ်ရ မည်။"

၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၈ တွင် ပုဒ်မခွဲ(ခ)နှင့် (ဂ)တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

"( ခ ) ပုဒ်မ ၁၆ ပုဒ်မခွဲ(ဂ) သို့မဟုတ် ပုဒ်မခွဲ (ဃ)အရ ယာယီတာဝန်ပေးအပ်ခံရသူ အတွက် ချီးမြှင့်ထောက်ပံ့ငွေ၊

( ဂ ) သက်တမ်းကာလအပြည့် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ပါက တစ်လုံးတစ်ခဲ တည်းချီးမြှင့်ငွေ။"

၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေတွင် ပယ်ဖျက်ထားသော ပုဒ်မ ၃၃ ကိုအောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ဧည့်စာရင်းတိုင်ကြားခြင်း ကိစ္စ နှင့်စပ်လျဉ်း၍ ငွေကြေးတစ်စုံတစ်ရာတောင်းခံခြင်းမပြုရ။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်-

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၂ / ၂၀၂၁)
## မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

**၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်**

**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၃။ ဤဥပဒေသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်များပြီးမြောက်ပြီးနောက် ကျင်းပသည့် ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိ အာဏာတည်ရမည်။

၄။ ဤဥပဒေ အာဏာတည်လျက်ရှိနေသမျှကာလပတ်လုံး မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေ၏ အခန်း(၃)၊ (၄)၊ (၅)နှင့် (၆)တို့ကို ရပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်။

---

**ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်-**

(ပုံ)မင်းအောင်လှိုင်

**ဗိုလ်ချုပ်မှူးကြီး**

**ဥက္ကဋ္ဌ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၁ / ၂၀၂၁)

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ဤဥပဒေသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်များပြီးမြောက်ပြီးနောက် ကျင်းပသည့် ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိ အာဏာတည်ရမည်။

၄။ ဤဥပဒေ အာဏာတည်လျက်ရှိနေသမျှကာလပတ်လုံး ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ၏ အခန်း(၃) နှင့် (၄)တို့ကို ရုပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်-

(ပုံ)မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၇ / ၂၀၂၁)**

**အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

**၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်**
**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

> “(က) **သတင်းအချက်အလက်** ဆိုသည်မှာ အချက်အလက် (Data)၊ မူရင်းစာ (Text)၊ ပုံရိပ်သင်္ကေတ(Image)၊ အသံ (Voice)၊ ဗီဒီယို (video)၊ သင်္ကေတ (Code)၊ ဆော့ဖ်ဝဲ (Software)၊ အပလီကေးရှင်း (Application)နှင့် အချက်အလက် အစုအဝေး (Database) တို့ကို ဆိုသည်။”

၄။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဠ)၏နောက်တွင်ပုဒ်မခွဲ(ဠ)၊ ပုဒ်မခွဲ(ဍ)၊ ပုဒ်မခွဲ(ဎ)၊ ပုဒ်မခွဲ(ဏ)၊ ပုဒ်မခွဲ(တ)၊ ပုဒ်မခွဲ(ထ)နှင့် ပုဒ်မခွဲ(ဒ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

> “( ဠ ) **ကိုယ်ရေးဆိုင်ရာအချက်အလက်** ဆိုသည်မှာ လူတစ်ဦးတစ်ယောက်နှင့် ဆက်နွယ် သည့် မည်သူမည်ဝါအဖြစ် အတည်ပြုပြီးသော သို့မဟုတ် အတည်ပြုနိုင်သော မည်သည့် အချက်အလက်ကိုမဆို ဆိုသည်။
>
> ( ဍ ) **ကိုယ်ရေးဆိုင်ရာ အချက်အလက်ကို စီမံထိန်းသိမ်းရန်တာဝန်ရှိသူ** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်အရဖြစ်စေ၊ ကိုယ်ရေးဆိုင်ရာအချက်အလက်ကို ကောက်ခံခြင်း၊ စုဆောင်းသိမ်းဆည်းခြင်းနှင့် အသုံးပြု

ခြင်းတို့အား ဆောင်ရွက်နိုင်သည့် အခွင့်အာဏာရှိသော အစိုးရဌာန၊ အဖွဲ့အစည်း တစ်ခုခုကဖြစ်စေတာဝန်ပေးအပ်ခြင်းခံရသောပုဂ္ဂိုလ်နှင့်ယင်း၏ ဝန်ထမ်းများကို ဆိုသည်။

( ၈ ) **စီမံခန့်ခွဲခြင်း** ဆိုသည်မှာ ကိုယ်ရေးဆိုင်ရာအချက်အလက်ကို ကောက်ယူခြင်း၊ ရယူခြင်း၊ လွှဲပြောင်းခြင်း၊ ဖြန့်ဝေခြင်း၊ တွဲဖက်ဆောင်ရွက်ခြင်း၊ တားမြစ်ခြင်း၊ ဖျက်ဆီးခြင်း၊ မှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သိမ်းဆည်းခြင်း၊ ပြောင်းလဲခြင်း၊ သိမ်းဆည်းထားသည်များကို ပြန်လည်ကောက်ယူခြင်း၊ အကြံပြုခြင်း၊ အသုံးပြုခြင်း သို့မဟုတ် ထုတ်ဖော်ခြင်းကိုဆိုသည်။

(ဈ) **ဆိုက်ဘာအရင်းအမြစ်** ဆိုသည်မှာ ကွန်ပျူတာ၊ ကွန်ပျူတာစနစ်၊ ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ်၊ ကွန်ရက်၊ ဆက်သွယ်ရေးပစ္စည်းနှင့် အချက်အလက်တို့ကို ဆိုသည်။

(ည) **မောလ်ဝဲရ် (Malware)** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ်အား အနှောင့်အယှက်ဖြစ်စေသော သို့မဟုတ် အန္တရာယ်ဖြစ်စေသော အဖျက်အမှောင့်ကုဒ် (Malicious Code)ကို ဆိုသည်။

(ဋ) **ဆိုက်ဘာနယ်ပယ် (Cyber Space)** ဆိုသည်မှာ သတင်းအချက်အလက် နည်းပညာအခြေခံကွန်ရက်စနစ်တွင် ဆိုက်ဘာအရင်းအမြစ်များကိုအသုံးပြု၍ သတင်းအချက်အလက်၊ အချက်အလက်အစုအဝေး၊ အီလက်ထရောနစ် သတင်းအချက်အလက်၊ ကွန်ပျူတာပရိုဂရမ်၊ ဆော့ဖ်ဝဲ (Software)၊ အပလီကေးရှင်း (Application)

တစ်ခုခုကိုအသုံးပြုပြီးအီလက်ထရောနစ်သတင်းအချက်အလက်များအား ကွန်ရက်တစ်ခုအတွင်းဖြစ်စေ၊ကွန်ရက်အချင်းချင်းချိတ်ဆက်၍ဖြစ်စေ အပြန်အလှန်အားဖြင့် ပေးပို့ခြင်း၊ ဆက်သွယ်ခြင်း၊ ဖြန့်ဝေခြင်း သို့မဟုတ် လက်ခံရယူခြင်း ဆောင်ရွက်နိုင်သည့် ဝန်းကျင်နယ်ပယ်ကို ဆိုသည်။

( ဒ ) **ဆိုက်ဘာတိုက်ခိုက်မှု** ဆိုသည်မှာ ဆိုက်ဘာနယ်ပယ်အတွင်း ဆိုက်ဘာ အရင်းအမြစ် တစ်ရပ်ရပ်ကိုအသုံးပြု၍ နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားလုံခြုံရေး သို့မဟုတ် အများပြည်သူ၏ လုံခြုံရေးနှင့် အသက်အိုးအိမ်စည်းစိမ် ထိခိုက်ပျက်စီးစေရေးတို့ကို ရည်ရွယ်သည့် တိုက်ခိုက်မှု တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ကျူးလွန်ရန် အားထုတ်ခြင်း၊ အားပေး ကူညီခြင်း၊ လှုံ့ဆော်ခြင်း သို့မဟုတ် ကြံရာပါအဖြစ်ဆောင်ရွက်ခြင်းကို ဆိုသည်။"

၅။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဌ)၊ ပုဒ်မခွဲ(ဍ) နှင့် ပုဒ်မခွဲ (ဎ)တို့ကို ပုဒ်မခွဲ(ဓ)၊ ပုဒ်မခွဲ(န)နှင့် ပုဒ်မခွဲ(ပ)တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၆။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(င)၏နောက်တွင် ပုဒ်မခွဲ (စ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"( စ ) အများပြည်သူတို့၏ ကိုယ်ရေးဆိုင်ရာ အချက်အလက်များကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်။"

၇။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ အခန်း(၁၀)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"အခန်း (၁၀)**

**ကိုယ်ရေးဆိုင်ရာအချက်အလက်ကာကွယ်ခြင်း**

၂၇-က။ ကိုယ်ရေးဆိုင်ရာ အချက်အလက်ကို စီမံထိန်းသိမ်းရန် တာဝန်ရှိသူသည်-

(၁) မိမိတာဝန်ခံဆောင်ရွက်ရသည့် ကိုယ်ရေးဆိုင်ရာအချက်အလက်ကို အမျိုး အစား၊ လုံခြုံမှုအဆင့်အတန်းအလိုက် ဥပဒေနှင့်အညီ စနစ်တကျ ထိန်းသိမ်း ခြင်း၊ ကာကွယ်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်ရမည်။

(၂) တည်ဆဲဥပဒေ တစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်အရ ခွင့်ပြုချက် သို့မဟုတ် ကိုယ်ရေး ဆိုင်ရာအချက်အလက်ပိုင်ရှင်၏ ခွင့်ပြုချက်အရမှအပမိမိ၏ စီမံခန့်ခွဲမှုအောက်ရှိ ကိုယ်ရေးဆိုင်ရာအချက်အလက်ကို အခြားသူတစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုသို့ ကိုယ်ရေးဆိုင်ရာ အချက်အလက် တစ်စုံတစ်ရာအား

စိစစ်ရန် ခွင့်ပြုခြင်း၊ ဖွင့်ချခြင်း၊ အသိပေးခြင်း၊ ဖြန့်ဝေခြင်း၊ ပေးပို့ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း၊ မိတ္တူကူးပွားခြင်း သို့မဟုတ် သက်သေခံအဖြစ်တင်သွင်း ခြင်းမပြုရ။

(၃) ဦးတည်ချက်နှင့် ကိုက်ညီမှုနက်ကန်မှုမရှိသည့် စီမံခန့်ခွဲခြင်းကိစ္စရပ်များအတွက် ကိုယ်ရေးဆိုင်ရာအချက်အလက်တို့ကို သုံးစွဲခြင်းမပြုရ။

(၄) အချိန်ကာလ အကန့်အသတ်ဖြင့်အသုံးပြုရန် ရည်ရွယ်ကောက်ယူထားသော ကိုယ်ရေးဆိုင်ရာအချက်အလက်ကို သတ်မှတ်အချိန်ကာလ ကျော်လွန်ပါက စနစ်တကျ ဖျက်ဆီးရမည်။

၂၇-ခ။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ကိုယ်ရေးဆိုင်ရာအချက်အလက် အပါအဝင် သတင်းအချက်အလက်ကို လက်ခံရရှိသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသည် လည်းကောင်း၊ ယင်း၏ ကိုယ်စား တာဝန်လွှဲအပ်ခြင်းခံရသော သို့မဟုတ် ညွှန်ကြားမှုအောက်တွင်ရှိသော ပုဂ္ဂိုလ်သည်လည်းကောင်း မိမိရရှိထားသည့် သတင်းအချက်အလက်များကို ဥပဒေအရထုတ်ဖော်ပြောဆိုရန် တာဝန်ရှိမှု မှတစ်ပါး လျှို့ဝှက်ထားရမည်။

၂၇-ဂ။ ကိုယ်ရေးဆိုင်ရာအချက်အလက် စီမံခန့်ခွဲခြင်းကိစ္စရပ်များတွင် အောက်ပါကိစ္စရပ်များ သက်ဆိုင်ခြင်း မရှိစေရ -

(၁) ဗဟိုအဖွဲ့ကတာဝန်ပေးအပ်သောအစိုးရဌာန၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့က ဆိုက်ဘာလုံခြုံရေး၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာ အလွဲအသုံးပြုခြင်း၊ ဆိုက်ဘာမတော်တဆမှုများ ဖြစ်ပွားခြင်း သို့မဟုတ် ဆိုက်ဘာမှုခင်းနှင့်သက်ဆိုင်၍ ဟန့်တားကာကွယ်ခြင်း၊ ရှာဖွေထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ တရားရုံးတစ်ခုခုတွင် သက်သေခံအဖြစ် တင်သွင်းခြင်း၊

(၂) ဗဟိုအဖွဲ့က တာဝန်ပေးအပ်ထားသော အစိုးရဌာန၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့က ပြစ်မှုဆိုင်ရာကိစ္စရပ်များအလိုက် စီမံဆောင်ရွက်ခွင့်အာဏာအရဆောင်ရွက်သည့် ရှာဖွေထောက်လှမ်းခြင်း၊ စုံစမ်း

စစ်ဆေးခြင်း၊ သတင်းရယူစုစည်းခြင်း၊ တရားစွဲဆိုတင်ပို့ခြင်းနှင့် တရားရုံး တစ်ခုခုတွင် သက်သေခံအဖြစ် တင်သွင်းခြင်း၊

(၃) ဆိုက်ဘာလုံခြုံရေးနှင့် ဆိုက်ဘာမှုခင်းဆိုင်ရာ ကိစ္စရပ်များသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တည်ငြိမ်အေးချမ်းရေး၊ အမျိုးသား လုံခြုံရေးကိစ္စရပ်များနှင့် သက်ဆိုင်သော စီမံဆောင်ရွက်ပိုင်ခွင့် အာဏာအရ ဆောင်ရွက်သည့် ရှာဖွေထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ သတင်းရယူ စုစည်းခြင်း၊ သတင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၄) ပုဒ်မခွဲ (၃) ပါ ကိစ္စရပ်များအား စီမံဆောင်ရွက်ရာတွင် ဗဟိုအဖွဲ့က ဖြစ်စေ၊ ဗဟိုအဖွဲ့က တာဝန်ပေးအပ်သောဌာန သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ စီမံ ပိုင်ခွင့်အာဏာခွဲခြားသတ်မှတ်ခြင်းနှင့် ယင်းသတ်မှတ်ချက်များနှင့်အညီ စီမံ ဆောင်ရွက်ခြင်း။"

၈။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ အခန်း(၁၀)၊ (၁၁)၊ (၁၂)နှင့် (၁၃)တို့ကို အခန်း(၁၁)၊ (၁၂)၊ (၁၃)နှင့်(၁၄)တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၉။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၈ ၏နောက်တွင် ပုဒ်မ ၃၈-က၊ ၃၈-ခ၊ ၃၈-ဂ၊ ၃၈-ဃ နှင့် ၃၈-င တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၃၈-က။ ကိုယ်ရေးဆိုင်ရာအချက်အလက်များအား စီမံထိန်းသိမ်းရန်တာဝန်ရှိသူသည် ကိုယ်ရေးဆိုင်ရာ အချက်အလက်ကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်အညီ စီမံခန့်ခွဲခြင်းမပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာ ထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၃၈-ခ။

မည်သူမဆိုသက်ဆိုင်ရာပုဂ္ဂိုလ်၏ခွင့်ပြုချက်မရှိဘဲလူပုဂ္ဂိုလ်တစ်ဦးတစ်ေ ယာက် ၏ ကိုယ်ရေးဆိုင်ရာ အချက်အလက်ကို ရယူခြင်း၊ ဖွင့်ချခြင်း၊ အသုံးပြုခြင်း၊ ဖျက်ဆီးခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊ ဖြန့်ဝေခြင်း၊ တစ်ဦးတစ်ယောက်ထံသို့ ပေးပို့ခြင်း သို့မဟုတ် အလွဲအသုံးပြုခြင်းဖြစ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး

သုံးနှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ ကျပ်သိန်းငါးဆယ် ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈-ဂ။ မည်သူမဆို ဆိုက်ဘာနယ်ပယ်တွင် အများပြည်သူ အထိတ်တလန့်ဖြစ်စေရန်၊ အယုံအကြည်ပျက်စေရန်၊ အကြည်ညိုပျက်စေရန် သို့မဟုတ် အသင်းအဖွဲ့ ကွဲစေရန်ရည်ရွယ်၍ သတင်းတု သို့မဟုတ် သတင်းမှား ပြုလုပ်ဖန်တီးခြင်းကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ ချမှတ်ရမည်။

၃၈-ဃ။ မည်သူမဆို နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး သို့မဟုတ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခြိမ်းခြောက်နှောင့်ယှက်ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ဆိုက်ဘာအရင်းအမြစ်ကို ရယူပိုင်ခွင့်မရှိအောင်တားဆီးခြင်း၊ ခက်ခဲအောင်ပြုလုပ်ခြင်းသို့မဟုတ် ခွင့်ပြုချက်မရှိဘဲ ဆိုက်ဘာအရင်းအမြစ်ကို ထိုးဖောက်ဝင်ရောက်ရန် ကြိုးစားခြင်း၊ ခွင့်ပြုထားသည်ထက်ပို၍ အသုံးပြုခြင်း၊ တစ်စုံတစ်ယောက်ကို ထိခိုက်စေရန် ရည်ရွယ်ချက်ဖြင့် ကွန်ပျူတာတွင် မောလ်ဝဲရ်ထည့်သွင်းခြင်းဖြင့် ဆိုက်ဘာတိုက်ခိုက်မှုကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး နှစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးရာထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈-င။ မည်သူမဆို နိုင်ငံတော်နှင့်အခြားနိုင်ငံတို့၏ ရင်းနှီးသောဆက်ဆံရေးကို ထိခိုက်ပျက်ပြားစေနိုင်သည့် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ အခြားနိုင်ငံတစ်ခုခု၏ အကျိုးစီးပွားအလို့ငှာလည်းကောင်း၊ နိုင်ငံတော်နှင့် အခြားနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နေသောလုံခြုံရေးအရလျှို့ဝှက်ထားသည့် ဆိုက်ဘာအရင်းအမြစ်ကို ခွင့်ပြုချက်မရှိဘဲ ထိုးဖောက်ဝင်ရောက်ရန်ကြိုးစားခြင်း သို့မဟုတ် ခွင့်ပြုထားသည်ထက်ပို၍အသုံးပြုခြင်းဖြင့် ဆိုက်ဘာတိုက်ခိုက်မှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ

အများဆုံး ခုနှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။”

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်–

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ